**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးရုံး**

**အမိန့်ကြော်ငြာစာ**
**အမှတ် - ၂၀ / ၂၀၁၅**

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်
၂၀၁၅ ခုနှစ်၊ မတ်လ ၁၈ ရက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ၂၀၁၅ ခုနှစ်၊ ပြက္ခဒိန်နှစ်အတွက် မော်တော်ယာဉ်အရောင်းပြခန်း (Show Room) တွင် ရောင်းချရန် မော်တော်ယာဉ်များကို တင်သွင်းလာသူများသည် အောက်ဖော်ပြပါ စည်းကမ်းချက်ကို လိုက်နာရမည်-

(က) မော်တော်ယာဉ်အရောင်းပြခန်း (Show Room) တွင် ရောင်းချရန်တင်သွင်းလာသည့် မော်တော်ယာဉ်များသည် အသစ် (Brand New) ဖြစ်ရမည်။

(ခ) တင်သွင်းလာမည့် မော်တော်ယာဉ်များ၏ Model Year သည် ရောက်ရှိခုနှစ်နှင့် ရောက်ရှိခုနှစ်အောက် တစ်နှစ်နိမ့်ပြီး (လက်ရှိကာလတွင် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် မော်ဒယ်) အသုံးမပြုရသေးသော Brand New (ဘယ်စတီယာရင်) ယာဉ်ကိုသာ တင်သွင်းရမည်။

(ဂ) အရောင်းပြခန်းဖွင့်လှစ်ရန်အတွက် မြန်မာနိုင်ငံသားမှဖြစ်စေ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ဖက်စပ်ဆောင်ရွက်ခြင်းဖြစ်စေ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနတွင် ဝန်ဆောင်မှုကုမ္ပဏီဖြင့်မှတ်ပုံတင်ရမည်ဖြစ်ပြီး၊ ၎င်းကုမ္ပဏီသည် တဖက်နိုင်ငံရှိ ပင်ရင်းကုမ္ပဏီမှဖြစ်စေ၊ Regional Office မှဖြစ်စေ မော်တော်ယာဉ်အသစ်များ ဖြန့်ဖြူးရောင်းချရန် အရောင်းကိုယ်စားလှယ် Distributorship ဖြင့် တရားဝင်ခန့်အပ်ခြင်းခံရသူ ဖြစ်ရမည်။

(ဃ) မော်တော်ယာဉ်အရောင်းပြခန်း (Show Room) ကို အဆင့်မီစွာ တည်ထောင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။

(င) တင်သွင်းသည့်မော်တော်ယာဉ်အသစ်များအတွက် လိုအပ်သည့်အာမခံမှု၊ Spare Parts အပိုပစ္စည်းများရောင်းချနိုင်မှု၊ ရောင်းချပြီးနောက်ပိုင်း ပြင်ဆင်မှုများ (After Sale Services) ကို ဆောင်ရွက်နိုင်မည့်အလုပ်ရုံကို တည်ထောင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။

(စ) သက်ဆိုင်ရာ တိုင်း/ ပြည်နယ် ဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့များထံမှ လုပ်ငန်းလုပ်ကိုင်ခွင့်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြခွင့်ပြုချက်ရရှိပြီးမှသာ အရောင်းပြခန်း(Show Room) ဖွင့်လှစ် ဆောင်ရွက်ရမည်။

(ဆ) မော်တော်ယာဉ် အရောင်းပြခန်း (Show Room) တွင် ပြသရောင်းချမည့် မော်တော်ယာဉ်များကို အပ်ကုန် (Consignment Basic) စနစ်အပြင် LC (Letter of Credit) ငွေလွှဲစာတမ်းဖြင့်ပေးချေသည့်စနစ် သို့မဟုတ် TT (Telegraphic Transfer) ကြေးနန်းငွေလွှဲပို့နည်းစနစ်ဖြင့် တင်သွင်းနိုင်သည်။

(ဇ) မော်တော်ယာဉ်စီးရေ (၃၀၀) အထိ တင်သွင်းနိုင်သည်။

(ဈ) တင်သွင်းလာသော မော်တော်ယာဉ်များကို အရောင်းပြခန်းနှင့် သိုလှောင်ရုံတွင်သာ ထားရှိရမည်။ အရောင်းပြခန်းမှအပ အခြားနေရာများတွင် ပြသရောင်းချခြင်း၊ ဝယ်သူအားရောင်းချခြင်းမပြုမီ လမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်း လုံးဝမပြုလုပ်ရ။

(ည) အရောင်းပြခန်းဖွင့်လှစ် ဆောင်ရွက်မည့် ကုမ္ပဏီ၏ဘဏ်စာရင်းတွင် အာမခံငွေ (Deposit) အဖြစ် အမေရိကန်ဒေါ်လာ (၁) သိန်းအား နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ဆောင်ရွက်ခွင့်ရှိသော ဘဏ်တစ်ခုခုတွင် ထည့်သွင်းသိမ်းဆည်းထားရမည်။

(ဋ) အပ်ကုန် (Consignment Basic) စနစ်ဖြင့် တင်သွင်းခဲ့သည့် မော်တော်ယာဉ်များရောင်းချခြင်း၊ ငွေလွှဲခြင်း၊ လက်ကျန်စာရင်း ရှင်းလင်းခြင်း (သို့မဟုတ်) လုပ်ငန်းရပ်ဆိုင်း၍ သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ စာရင်းရှင်းလင်းခြင်းတို့ကို အပြီးသတ်ဆောင်ရွက်ပြီးပါက အပ်နှံထားသော အာမခံငွေ (Deposit) ဒေါ်လာ (၁) သိန်းအား ပြန်လည် ထုတ်ယူနိုင်သည်။

(ဌ) မော်တော်ယာဉ် အရောင်းပြခန်း လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ထားရှိရမည့်စာရွက်စာတမ်း၊ စာရင်းစာအုပ် စသည်တို့ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကဖြစ်စေ၊ ဝန်ကြီးဌာနမှတာဝန်လွှဲအပ်သည့် အဖွဲ့အစည်းမှဖြစ်စေ ဤသို့ ဝင်ရောက်စစ်ဆေးခြင်းကို သက်ဆိုင်ရာ လုပ်ငန်းရှင်မှ ခွင့်ပြုရမည်။

(ဍ) အရောင်းပြခန်းလက်မှတ်၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်တို့အား အနည်းဆုံးသက်တမ်းမကုန်မီ (၁) လ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။

ပုံ

ဝင်းမြင့်
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စက-၁၄/၁(၃)-၂၀/၂၀၁၅ ( ၂၉ )
ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ မတ် လ ၁၈ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး
အတွင်းရေးမှူး ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန
ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း (မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ )
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
(ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

18/3

( ဦးဟန် )
ရုံးအဖွဲ့မှူး